# ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၆။)

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

(၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

> “(ခ) **အစိုးရအိမ်ဥပစာ** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုက ဖြစ်စေ၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း တစ်ခုခုကဖြစ်စ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ကဖြစ်စ၊ စည်ပင်သာယာရေးကော်မတီတစ်ခုခုက ဖြစ်စေ၊ စည်ပင်သာယာရေး အဖွဲ့တစ်ခုခုကဖြစ်စေပိုင်သော၊ ငှားရမ်းယူထားသော သို့မဟုတ် ခေတ္တသိမ်းယူ ထားသော အိမ်ဥပစာကို ဆိုသည်။”

၃။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂-က၊ ပုဒ်မခွဲ(က) တွင် ပါရှိသော “ အစိုးရ” ဆိုသည့် စကားရပ်ကို “ ပြည်ထောင်စု အစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ၂-က၊ ပုဒ်မခွဲ(ဃ) ၏ နောက်တွင် အောက်ပါပုဒ်မခွဲများကို ပုဒ်မခွဲ (င) နှင့် (စ) အဖြစ် ဖြည့်စွက်ရမည် -

“(င) အခွင့်အာဏာ၏ ခွင့်ပြုချက်မရယူဘဲ အိမ်ဥပစာ၏ မူလအသွင်သဏ္ဌာန်ကို ပြောင်းလဲ ပြင်ဆင်ခြင်း၊ မွမ်းမံပြုပြင်ခြင်း၊ တိုးချဲ့ခြင်း မပြုရ။

(စ) အိမ်ဥပစာတွင် တည်ဆဲဥပဒေအရ ပြစ်မှုမြောက်သော ပြုလုပ်မှုတစ်ရပ်ရပ်ကို မပြုလုပ်ရ။”

၅။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၃ တွင်-

(က ) ပုဒ်မခွဲ(၁)၌ ပါရှိသော "နိုင်ငံတော်အစိုးရ"ဆိုသည့် စကားရပ်ကို “ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး ဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂) ၏ နောက်၌ အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (၃) အဖြစ် ဖြည့်စွက် ရမည် -

“(၃) အခွင့်ရအာဏာပိုင်က ပုဒ်မခွဲ(၁) နှင့် (၂) တို့အရ အစိုးရအိမ်ဥပစာမှ ဖယ်ရှားရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လုံခြုံရေးနှင့် အခြားလိုအပ်သည့် အကူအညီများ ပေးရမည်။”

၆။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၅ တွင် ပါရှိသော “နိုင်ငံတော်အစိုးရ” ဆိုသည့် စကားရပ်ကို “ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်း ပေးသည့် အယူခံအဖွဲ့ ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၆၊၇ နှင့် ၈ တို့တွင် ပါရှိသော” နိုင်ငံတော်အစိုးရ” ဆိုသည့် စကားရပ်ကို “ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "ငွေဒဏ်ကျပ် တစ်ထောင်ထိဖြစ်စေ" ဆိုသည့် စကားရပ်ကို " ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

**(ပုံ) သိန်းစိန်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**